ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများ

စဉ်	တင်သွင်းသူအမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆိုတင်သည့် နေ့	ဆုံးဖြတ်သည့်နေ့ နှင့် ရှင်းလင်း ဖြေကြားသည့်ဌာန	မှတ်ချက်
၁	ဒေါက်တာတင်တင်ဝင်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ	ထောင်စုနှစ် ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက် ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်း ကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက် ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို	၁၈-၅-၂၀၁၇ ပထမနေ့	၁၂-၆-၂၀၁၇ (၁၂ ရက်မြောက်နေ့) ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း	မှတ်တမ်းတင်
၂	ဒေါက်တာစန်းမောင်မောင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ	မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင် များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စု အစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း အဆို	၁၉-၅-၂၀၁၇ ဒုတိယနေ့	၂၇-၆-၂၀၁၇ (၂၁ ရက်မြောက်နေ့) ကျန်းမာ/အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး	အတည်ပြု

စဉ်	တင်သွင်းသူအမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆိုတင်သည့် နေ့	ဆုံးဖြတ်သည့်နေ့ နှင့် ရှင်းလင်း ဖြေကြားသည့်ဌာန	မှတ်ချက်
၃	ဦးအောင်သိန်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ	ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း (Game) ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေး ကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center) ဟု သဏ္ဌာန်ဆောင်အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစား နည်းမျိုးစုံပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့်ဂိမ်း (Game) ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ် လူရွယ်၊ လူလတ် မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘ ပြည်သူတို့မှာ ရတက်မအေးစိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကိုစိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို	၇-၇-၂၀၁၇ ၂၆ရက် မြောက်နေ့	၁၄-၈-၂၀၁၇ (၄၃ ရက်မြောက်နေ့) ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး	အတည်ပြု
၄	ဒေါက်တာဝင်းမြင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) (အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ	မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး၊ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်း ကာကွယ်ရေး၊ ပြည်တွင်း စားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်း ဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်း အဆို	၁၀-၇-၂၀၁၇ ၂၇ ရက် မြောက်နေ့	၂၈-၈-၂၀၁၇ (၅၀ ရက်မြောက်နေ့) စိုက်မွေး/ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်	အတည်ပြု

စဉ်	တင်သွင်းသူအမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆိုတင်သည့် နေ့	ဆုံးဖြတ်သည့်နေ့ နှင့် ရှင်းလင်း ဖြေကြားသည့်ဌာန	မှတ်ချက်
၅	ဦးခင်မောင်လတ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ရခိုင်အမျိုးသားပါတီ	မောင်တော၊ ဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို	၉-၈-၂၀၁၇ ၄၀ ရက် မြောက်နေ့	၃၀-၈-၂၀၁၇ (၅၂ ရက်မြောက်နေ့) ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး	အတည်ပြု
၆	ဦးခင်မျိုးဝင်း တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ	မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံ ဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ်ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ် စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB,CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို	၂၉-၈-၂၀၁၇ ၅၁ ရက် မြောက်နေ့		အဆိုတင်ထားဆဲ ဆွေးနွေးရန်ကျန်